ရခိုင်အမျိုးသမီးများအစည်းအရုံး
Rakhaing Women Union (H.Q)
2/21, Pallabi, Mirpur, Dhaka-1216, Bangladesh
Tel & Fax - 880-2-9013435, E-mail: rwu2002@aitlbd.net

Ref :                                                                 Date : ..............................

# ရှမ်းပြည်ထောင်စု လွတ်လပ်ရေးကြေငြာစာတမ်းအပေါ် ရခိုင်အမျိုးသမီးများအစည်းအရုံး၏သဘောထားထုတ်ပြန်ချက်

သက္ကရာဇ် ၂၀၀၅ – ခု ဧပြီလ (၁၇)ရက်နေ့တွင်မြန်မာပြည်၏ ပထမဆုံးသမတ စဝ်ရွှေသိုက်၏သား စဝ်ခွန်ဖ ခေါင်းဆောင်သော ပြည်ပရောက်ရှမ်းမျိုးသားခေါင်းဆောင်တချို့က ရှမ်းပြည်ထောင်စုလွတ်လပ်ရေးကြေငြာစာတမ်းကို ရှမ်းပြည်သူလူထု (၈၅)ရာခိုင်နှုန်းကျော်၏ဆန္ဒနှင့်အညီ ထုတ်ပြန်လိုက်ကြောင်းသိရပေသည်။

ဤကြေငြာချက်သည် ၁၉၄၇ ခု ပင်လုံညီလာခံမှရယူခဲ့ကြသော တိုင်းရင်းသားအားလုံးတို့အတွက် အရေးအကြီးဆုံး အာမခံချက်ဖြစ်သည့် **" ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်နှင့် လွတ်လပ်သောသဘောဆန္ဒအရ ပူးပေါင်းပါဝင်ခွင့်"** ဟူသော တိကျပြတ်သားသည့် အပိုဒ်ကို အကောင်အထည်ဖေါ် လုပ်ဆောင်ချက်တရပ်ဖြစ်သည်ဟု မိမိတို့ ရခိုင်အမျိုးသမီးများ အစည်းအရုံးမှ လေးနက်စွာခံယူသည်။

ထို့အပြင် ဤကြေငြာချက်သည် ရှမ်းပြည်သူလူထုတခုတည်းအတွက်သာမက မဟာဗမာလူမျိုးကြီးဝါဒကို ကျင့်သုံးနေကြသည့် ဗမာစစ်အာဏာရှင်များ၏ မတရားဖိနှိပ်မှုအောက်၌ ဒုက္ခပင်လယ်ဝေနေကြရှာသော ကချင်၊ ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင်နှင့် အားလုံးသောလူမျိုးစုများအတွက်ပါ စံနမူနာယူအပ်သည့်အချက်တခုဖြစ်သည်ဟုလည်း မိမိတို့ ရခိုင်မျိုးသမီးများအစည်းအရုံးမှ ရှုမြင်သည်။

ဤကြေငြာချက်ထွက်ပေါ်လာပြီးနောက် နအဖစစ်ဗိုလ်များသည် လူထုစည်းဝေးပွဲများပြုလုပ်ကာ ရှမ်းခေါင်းဆောင်များအပေါ် အမျိုးမျိုးဝါဒဖြန့် စွပ်စွဲလျက်ရှိနေပေသည်။ ဤသည်မှာ ရှမ်းလူမျိုးများနှင့် ရှမ်းပြည်နယ် အတွင်းနှစ်ပေါင်းများစွာ အတူတကွနေထိုင်လာကြသော ရှမ်းမဟုတ်သည့် အခြားလူမျိုးများအကြား ညီညွတ်ရေးပျက်ပြားစေရန် ဖန်တီးသော သွေးခွဲမှုလုပ်ရပ်တခုသာဖြစ်ပေသည်။

ဤသို့လုပ်ဆောင်သည်သာမက ပြည်သူများအထိတ်တလန့်ဖြစ်စေတတ်သည့် မေလ (၇)ရက်နေ့ အဖြစ်အပျက်မျိုးကဲ့သို့သော လုပ်ရပ်ဆိုးများကို အစီအစဉ်ကျကျ ကြံစည်ကာ ပြည်တွင်းဆူပူမှုကိုအကြောင်းပြ၍ စစ်အာဏာတည်မြဲရေးအတွက် ဆက်လက်လုပ်ကိုင်လာနိုင်ဖွယ်ရှိသည်ဟုလည်း ရခိုင်အမျိုးသမီးများအစည်းအရုံးမှ သုံးသပ်ပေသည်။ နအဖကြံစည်လုပ်ဆောင်မှုများအားလုံးသည် ပြည်သူလူထုအကျိုးအတွက် လုံးဝလုပ်ဆောင်ခြင်းမဟုတ်ဘဲ စစ်အာဏာရှင်စနစ် ဆက်လက်တည်မြဲရေးအတွက် သက်သက်သာဖြစ်သည်ကို ပြည်သူများအနေနှင့် အထူးသတိပြုရန်လိုအပ်ပေသည်။

ထို့အပြင် နအဖစစ်ဗိုလ်များသည် ဤကြေငြာချက်ပါ ဦးတည်ချက်များပျက်စီးစေရန် တိုင်းရင်းသားများအကြားတွင်၄င်း၊ ဒီမိုကရေစီအင်အားစုများအကြားတွင်၄င်း သွေးခွဲမှုများကို တခုပြီးတခုပြုလုပ်လာအုံးမည်ဟုလည်း မိမိတို့ ရခိုင်အမျိုးသမီးများအစည်းအရုံးမှ သုံးသပ်ပေသည်။

သို့ဖြစ်၍ ဤကြေငြာချက် ပိုမိုအဓိပ္ပာယ်ပြည့်ဝလာစေရန်နှင့် တိုင်းရင်းသားအားလုံး၏ ထွက်ပေါက်အတွက် စံနမူနာကောင်းတခုဖြစ်လာစေရန် လက်တွဲညီညီပံ့ပိုးလုပ်ဆောင်ယင်း မိမိတို့ကံကြမ္မာကိုမိမိတို့ ကိုယ်ပိုင်ဖန်တီးခွင့်ရှိသောအခြေအနေသို့ရောက်အောင်လုပ်ဆောင်သွားကြပါစို့ဟု ဘဝတူတိုင်းရင်းသားများအားလုံးသို့ တိုက်တွန်းနှိုးဆော်ယင်း ဤသဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်အပ်ပေသည်။

တော်လှန်ရေးသစ္စာဖြင့် –

ရခိုင်အမျိုးသမီးများအစည်းအရုံး
၁၈၊ ၀၅၊ ၂၀၀၅

ဆက်သွယ်ရန်– Mob: 880-189 426 153